# ဖက်ဒရယ်
# ဘဏ္ဍာရေးစနစ်

## အခြေခံမူများနှင့် ကျင့်သုံးပုံများ

ဖက်ဒရယ်မှတ်စုများ အပိုင်း (၁)



# မာတိကာ


၁။ **ဖက်ဒရယ်ဘဏ္ဍာရေးစနစ်နှင့် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုထိန်းချုပ်မှု လျှော့ချခြင်း** ၁

တစ်ပြည်ထောင်စနစ်၏ လက္ခဏာများ ၁

ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ လက္ခဏာများ ၂

ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် အာဏာခွဲဝေခြင်း ၂

ဖက်ဒရယ်ဘဏ္ဍာရေးစနစ် ၄

ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ဘဏ္ဍာရေးဆိုင်ရာအစီအမံများ ထားရှိခြင်း၏ ရည်ရွယ်ချက်များ ၄

ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့် ဘဏ္ဍာရေးဆိုင်ရာဗဟိုထိန်းချုပ်မှု လျှော့ချခြင်း ၅

မြန်မာနိုင်ငံနှင့် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုထိန်းချုပ်မှုလျှော့ချခြင်း ၆

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ် ၇

၂။ **အသုံးစရိတ်နှင့် အခွန်ကောက်ခံမှုဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ** ၈

အသုံးစရိတ်ဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့် ၈

အခွန်ကောက်ခံမှုဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့် ၈

အရေးပါပုံ ၈

အသုံးစရိတ်ဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေခြင်းပြည်ထောင်စုအစိုးရ၏

အသုံးစရိတ်ဆိုင်ရာ သီးခြားလုပ်ပိုင်ခွင့်အာဏာများ ၁၀

ပြည်နယ်အစိုးရများ၏ အသုံးစရိတ်ဆိုင်ရာ သီးခြားလုပ်ပိုင်ခွင့် အာဏာများ ၁၁

ဖက်ဒရယ်တိုင်းပြည်များတွင် ပြည်နယ်များ၏ ကဏ္ဍအလိုက် အသုံးစရိတ် ပုံစံများ ၁၂

မြန်မာနိုင်ငံတွင် အသုံးစရိတ်ဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်
ခွဲဝေထားမှု အခြေအနေ ၁၄
အခွန်ကောက်ခံမှုဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေခြင်း
အခွန်ကောက်ခံမှုဆိုင်ရာ အခြေခံများ ၁၄

**အခြား ထည့်သွင်းစဉ်းစားစရာများ**
*တာဝန်ယူမှု၊ တာဝန်ခံမှု* ၁၆
*ဘဏ္ဍာရေးစနစ် စည်းစနစ်ကျခြင်း* ၁၆
*အခွန်ကောက်ခံမှုဆိုင်ရာ သီးခြားလုပ်ပိုင်ခွင့်အာဏာများ၊*
*ပူးတွဲလုပ်ပိုင်ခွင့် အာဏာများ* ၁၇
*အခွန်နှင့် အသုံးစရိတ်* ၁၈
*မြန်မာနိုင်ငံ၏ အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာခွဲဝေမှု* ၁၉
*ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်* ၁၉

၃။ **အစိုးရအချင်းချင်းအကြား ဘဏ္ဍာငွေများ**
**လွှဲပြောင်းခြင်း** ၂၁

ဖက်ဒရယ်နိုင်ငံများတွင် တွေ့ရသည်မှာ ဤသို့ ဖြစ်သည်။ ၂၁
အစိုးရအလွှာများအကြား အခွန်ဘဏ္ဍာငွေမျှဝေခြင်း
(Revenue Sharing) ၂၄
(က) အခွန်ကောက်ခံရရှိရာ ဒေသကို အခြေခံသည့် ပုံစံ
(origin basis) ၂၅
(ခ) တစ်ဦးချင်းမျှတမှုကို အခြေခံသည့် ပုံစံ
(equal per capitra basis) ၂၅

**မျှတရေးကိုအခြေခံသည့် ဘဏ္ဍာငွေလွှဲပြောင်းခြင်း (Equalization Transfer)**
ရည်ရွယ်ချက် ၂၆
ဖွဲ့စည်းပုံပါ ပြဋ္ဌာန်းချက် ၂၇
ထည့်သွင်းစဉ်းစားရမည့် အကြောင်းခြင်းရာများ ၂၇

**အခွန်ဘဏ္ဍာငွေများလွှဲပြောင်းရာတွင် ဆုံးဖြတ်ချက်ချမှတ်သည့် ပုံစံများ** **၂၉**
(၁) ပြည်ထောင်စုအစိုးရမှ ဆုံးဖြတ်ခြင်း ၂၉
(၂) ဆွေးနွေးညှိနှိုင်း၍ ဆုံးဖြတ်ခြင်း ၃၀
(၃) လွတ်လပ်သော ကော်မတီ/ကော်မရှင်များ ဖွဲ့စည်းခြင်း ၃၀

**ဖက်ဒရယ်နိုင်ငံများ၏ ဘဏ္ဍာငွေလွှဲပြောင်းမှုပုံစံများ** **၃၁**
အိန္ဒိယ ၃၁
ဂျာမနီ ၃၂
ဘရာဇီး ၃၃
ကနေဒါ ၃၅

**ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင် အခွန်ဘဏ္ဍာ ငွေ မျှဝေခြင်း၊ လွှဲပြောင်းခြင်းဆိုင်ရာ ရည်ညွှန်းချက်များ** **၃၇**

# နိဒါန်း

ယနေ့ မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် ဖက်ဒရယ်စနစ်နှင့် ပတ်သက်၍ နိုးကြားလာမှုမှာ သမိုင်းတလျှောက် အမြင့်ဆုံးဟုပင် ဆိုနိုင်ပါသည်။ ထို့ပြင် ဖက်ဒရယ်စနစ်နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောဆိုမှုများမှာ နိုင်ငံရေး သက်သက်သာမက လက်တွေ့အသုံးချ နည်းနာပိုင်းကိုပါ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးလာကြသည်ကိုလည်း တွေ့မြင်နေရပါသည်။

ဖက်ဒရယ်စနစ်တွင်လည်း ငွေကြေးမှာ အရေးပါသည့် ကဏ္ဍကပါဝင်ပါသည်။ အထူးသဖြင့် အလွှာမတူသော အစိုးရများအကြား ဘဏ္ဍာငွေခွဲဝေခြင်း လွှဲပြောင်းခြင်း၊ အရင်းအမြစ်ပိုင်ဆိုင်မှု၊ ခွဲဝေရေးနှင့် စီမံခန့်ခွဲရေးဆိုသည့် ကိစ္စရပ်များမှာ နိုင်ငံရေးအရသာမက စီမံခန့်ခွဲရေးအမြင်ဖြင့်ပါ ကြည့်နိုင်ရန် အလွန်အရေးကြီးကြောင်း လေ့လာတွေ့ရှိရပါသည်။

ယခု ထုတ်ဝေသည့် ဖက်ဒရယ်လစ်ဇင် မှတ်စု အပိုင်း (၁) – ဖက်ဒရယ်ဘဏ္ဍာရေးစနစ်၏ အခြေခံမူများ နှင့် ကျင့်သုံးပုံများကို သဘောတရားအားဖြင့်ခြုံငုံမိစေရန် ပြုစုထားပါသည်။ စာတမ်းပါ အချက်အလက်များသည် ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနနှင့် နိုင်ငံတကာပညာရှင်များ ပြုလုပ်သည့် ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ် အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများမှ ဆွေးနွေး

ချက်များကို အခြေခံ၍ စုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။

ဤစာတမ်းပါ အချက်များသည် သီအိုရီများ၊ သီအိုရီများနှင့် ဆိုင်သော မူဘောင်များ မဟုတ်သလို ပညာရပ် ဆိုင်ရာ စာတမ်းလည်းမဟုတ်ပါ။ ထို့ပြင် စာတမ်းပါ အချက်အလက်များသည် ယနေ့ တော်လှန်ရေးအင်အားစုများ ရုန်းကန်လှုပ်ရှားနေသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက် ရေးအတွက် နည်းပေးလမ်းပြလုပ်လိုသည့် ရည်ရွယ်ချက် တစ်စုံတရာလည်း မပါဝင်ပါ။

ဖက်ဒရယ်စနစ်နှင့် ပတ်သက်၍ စိတ်ဝင်စားသူများ လေ့လာလိုက လေ့လာ နိုင်ရန် မိမိတို့တက်ရောက်ခဲ့သော ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ် အလုပ်ရုံ ဆွေးနွေးပွဲနှင့် သင်တန်းများမှ လေ့လာသိရှိခဲ့ရသည်များကို ပြန်လည်ဖောက် သည်ချခြင်းသာဖြစ်ပါသည်။

ဆွေးနွေးပွဲများဖြစ်မြောက်ရန် နှင့် ယခုကဲ့သို့ အနှစ်ချုပ်မှတ်စုများ ပြုစုနိုင်ရန် ကူညီထောက်ပံ့သော S.F.I.G ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ သို့သော် စာတမ်းပါ အချက်များသည် S.F.I.G ၏ အာဘော်၊ အာဂျင်ဒါ နှင့် သဘောထား မဟုတ်ကြောင်း ရှင်းလင်းစွာ အသိပေးအပ်ပါသည်။

**ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန –အမျိုးသားညီညွတ်ရေးအစိုးရ**

# ၁။ ဖက်ဒရယ်ဘဏ္ဍာရေးစနစ်နှင့် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုထိန်းချုပ်မှု လျှော့ချခြင်း

ကမ္ဘာပေါ်တွင် ယေဘုယျအားဖြင့် နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်မှု စနစ် ၂ မျိုး ရှိသည်။ တစ်ပြည်ထောင်စနစ်နှင့် ပြည်ထောင်စုစနစ်တို့ ဖြစ်ကြသည်။

## တစ်ပြည်ထောင်စနစ်၏ လက္ခဏာများ

တစ်ပြည်ထောင်စနစ်တွင် မူဝါဒရေးရာ ဆုံးဖြတ်ပိုင်ခွင့် အာဏာများကို ဗဟို အစိုးရထံသို့သာ အပ်နှင်းထားသည်။ ဗဟိုအစိုးရက ၎င်း၏ လုပ်ပိုင်ခွင့်အာဏာ များကို ပြည်နယ်၊ ဒေသန္တရ စသည့် အစိုးရ အဆင့်ဆင့်သို့ ခွဲဝေပေးလိုက ခွဲဝေပေးနိုင်သည်။ ဗဟိုအစိုးရက တာဝန် ပေးအပ်သော ကဏ္ဍများကိုသာ ထိုအဆင့်ဆင့်သော အစိုးရများဆုံးဖြတ်လုပ်ဆောင်ပိုင်ခွင့်ရှိသည်။ ဂျပန်၊ ပြင်သစ်စသည့် နိုင်ငံများသည် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသော်လည်း ပြည်နယ်နှင့် ဒေသန္တရအဆင့် အစိုးရများကို လုပ်ပိုင်ခွင့်အများအပြား ပေးအပ်ထားသည်ကို တွေ့ရသည်။ သို့ရာတွင် ထိုပြည်နယ်၊ ဒေသန္တရအဆင့် အစိုးရများတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အပ်နှင်းထားသော ဆုံးဖြတ်ပိုင်ခွင့် အာဏာများ မရှိကြပါ။ တစ်နည်းအားဖြင့် ဆိုရသော် ပြည်နယ်၊ ဒေသန္တရ အစိုးရများအား ခွဲဝေပေးအပ်ထားသော လုပ်ပိုင်ခွင့်များကို မည်သည့်အချိန်တွင် မဆို ဗဟိုအစိုးရကပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်။

## ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ လက္ခဏာများ

ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေက အနည်းဆုံး အစိုးရနှစ်ရပ် (ပြည်ထောင်စု အဆင့်နှင့် ပြည်နယ်အဆင့်) ကို သတ်မှတ်ပေးပြီး၊ လုပ်ပိုင်ခွင့် အာဏာများကို ခွဲဝေပေးထားသည်။ ပြည်ထောင်စုအစိုးရကော၊ ပြည်နယ်အစိုးရများပါ နိုင်ငံသားများက ရွေးကောက်တင်မြှောက်ကြခြင်းဖြစ်သည်။ တစ်ပြည်ထောင်စနစ်နှင့် မတူညီစွာ ပြည်နယ်များအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များမှာ ပြည်ထောင်စုအစိုးရက ခွဲဝေပေးထားခြင်းမျိုး မဟုတ်ဘဲ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အပ်နှင်းထားခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ အဆိုပါ လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုအစိုးရက လွယ်လင့်တကူ ပြုပြင်၊ ဖြည့်စွက်၊ ရုပ်သိမ်းပိုင်ခွင့်မရှိပေ။ ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေက အသီးသီး ခွဲဝေပေးအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများကိုအများ အားဖြင့် လွတ်လပ်စွာ ကျင့်သုံးပိုင်ခွင့်ရှိကြသည်။

## ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် အာဏာခွဲဝေခြင်း

ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အရေးကြီးသော သွင်ပြင်လက္ခဏာ တစ်ရပ်မှာ အစိုးရအလွှာများအကြားလုပ်ပိုင်ခွင့်အာဏာခွဲဝေခြင်းဖြစ်သည်။ ထိုကဲ့သို့ခွဲဝေရာတွင် သီးခြားလုပ်ပိုင်ခွင့်အာဏာများ အနေဖြင့်သော်လည်းကောင်း၊ ပူးတွဲလုပ်ပိုင်ခွင့် အာဏာများ အနေဖြင့်သော်လည်းကောင်း ခွဲဝေအပ်နှင်းလေ့ရှိသည်။


### (၁) သီးခြားလုပ်ပိုင်ခွင့် အာဏာများ (ကိုယ်ပိုင်အုပ်ချုပ်ခြင်း)

ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုနှင့် ပြည်နယ်များ၏ ကဏ္ဍအလိုက် သီးခြားလုပ်ပိုင်ခွင့်အာဏာများကို သတ်မှတ်ပေးထားလေ့ရှိသည်။ ထိုသီးခြားလုပ်ပိုင်ခွင့် အာဏာများကို ကျင့်သုံးရာတွင် အခြားမည်သည့် အစိုးရ အလွှာကမျှ ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိပေ။ ပြည်ထောင်စု၏ သီးခြားလုပ်ပိုင်ခွင့်အာဏာအတွင်း ကျရောက်သော ကဏ္ဍနှင့် ပတ်သက်၍ ပြည်နယ်

များက ဥပဒေပြုပိုင်ခွင့် မရှိသကဲ့သို့ ပြည်နယ်များ၏ သီးခြား လုပ်ပိုင်ခွင့်အာဏာအတွင်း ကျရောက်သော ကဏ္ဍနှင့် ပတ်သက်၍ ယေဘုယျအားဖြင့် ပြည်ထောင်စုက ဥပဒေပြုပိုင်ခွင့် မရှိပါ။ မိမိတို့ အား ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသော ကဏ္ဍများတွင် လွတ်လပ်စွာ မူဝါဒရေးရာဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်။ ဤသည်မှာ “ကိုယ်ပိုင်အုပ်ချုပ်ခြင်း” (self-rule) သဘောတရားပင် ဖြစ်၏။

## (၂) ပူးတွဲလုပ်ပိုင်ခွင့် အာဏာများ (စုပေါင်းအုပ်ချုပ်ခြင်း)

ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုနှင့် ပြည်နယ်များ အတူတကွ ပူးတွဲကျင့်သုံးရမည့် လုပ်ပိုင်ခွင့် အာဏာများ ကိုလည်း သတ်မှတ်ပေးထားလေ့ရှိသည်။ ထို ပူးတွဲကျင့်သုံးရမည့် ကဏ္ဍများတွင် ပြည်ထောင်စုနှင့် ပြည်နယ်များ သီးခြားစီ ဆောင်ရွက် ခြင်း မပြုဘဲ ပူးပေါင်းဆောင်ရွက်ကြရသည်။ ဂျာမနီ၊ စပိန် စသည့် ဖက်ဒရယ်နိုင်ငံများတွင် ပူးတွဲလုပ်ပိုင်ခွင့်အာဏာ အများအပြားထားရှိ ကြသည်ကို တွေ့ရသည်။ ဤသည်မှာ “စုပေါင်းအုပ်ချုပ်ခြင်း” (shared-rule) သဘောတရားပင် ဖြစ်၏။



## ဖက်ဒရယ်ဘဏ္ဍာရေးစနစ်

ဖက်ဒရယ်ဘဏ္ဍာရေးစနစ်ဆိုသည်မှာ ဖက်ဒရယ်နိုင်ငံတစ်ခုအတွင်းရှိ အဆင့်ဆင့်သော အစိုးရများအကြား ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို စီမံဆောင်ရွက်ရန်အတွက် ထားရှိသော အစီအမံများ ဖြစ်ကြသည်။

ဖက်ဒရယ်ဘဏ္ဍာရေးစနစ်တွင် အခြေခံအားဖြင့် အပိုင်း ၃ ရပ် ပါဝင်သည်။

(၁) အဆင့်ဆင့်သော အစိုးရအသီးသီး၏ အသုံးစရိတ်နှင့်အခွန်ကောက်ခံမှုဆိုင်ရာ တာဝန် ဝတ္တရားများ သတ်မှတ်ပေးခြင်း။

(၂) အဆင့်ဆင့်သော အစိုးရများအကြား အခွန်ဘဏ္ဍာများ မျှဝေရေးနှင့် ငွေကြေးလွှဲပြောင်းမှု စနစ်များ သတ်မှတ်ခြင်း။

(၃) အဆင့်ဆင့်သော အစိုးရများအကြား ဖက်ဒရယ်ဘဏ္ဍာရေးဆိုင်ရာ အင်စတီကျူးရှင်းများတည်ဆောက်ခြင်း။

အဆိုပါ အပိုင်းကြီး ၃ ရပ်သည် ဖက်ဒရယ်စနစ် ကောင်းမွန်ချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် အလွန်ပင် အရေးပါလှသည်။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုတစ်ခုလုံးအတွင်း ငွေကြေး၊ ဘဏ္ဍာငွေ၊ အရင်းအမြစ်များ မည်သို့စီးဆင်းလည်ပတ်မည်၊ လုပ်ပိုင်ခွင့်အာဏာများ မည်သို့ ခွဲဝေကျင့်သုံးကြမည်ကို ၎င်းအပိုင်းကြီး ၃ ရပ်က ပုံဖော်ပေးသည့်အတွက် ဖြစ်ပါသည်။

## ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ဘဏ္ဍာရေးဆိုင်ရာအစီအမံများ ထားရှိခြင်း၏ ရည်ရွယ်ချက်များ

ဘဏ္ဍာရေးဆိုင်ရာအစီအမံများ ထားရှိရခြင်း၏ ရည်ရွယ်ချက် များစွာရှိသည်။ ၎င်းတို့အနက်မှ အရေးပါသော အချက်များမှာ –

(၁) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြား လုပ်ပိုင်ခွင့်အာဏာနှင့် ငွေကြေးအရင်းအမြစ်များကို မျှဝေနိုင်ရေး။

(၂) အဆင့်ဆင့်သော အစိုးရများ၏ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ ထိရောက်အောင်မြင်ရေး။

(၃) လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှု စသည့် မတူခြားနားမှု များသည့် နိုင်ငံများတွင် သက်ဆိုင်ရာ ပြည်နယ်၊ ဒေသ အလိုက် မိမိတို့နှင့် လိုက်လျောညီထွေဖြစ်သည့် မူဝါဒ အသီးသီးကို ချမှတ်နိုင်ရန်။

(၄) ကောင်းမွန်သော အုပ်ချုပ်မှုနှင့် နိုင်ငံသားများအပေါ် တာဝန်ခံမှုရှိသော အစိုးရများ ဖြစ်ပေါ် လာစေရန်။


(၅) မတူညီသော ပြည်နယ်အသီးသီးရှိ ပြည်သူများအကြား သာတူညီမျှရေးကို ထိန်းသိမ်းရန်။

(၆) စီးပွားရေး ဖူလုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန် စသည်တို့ ပါဝင်သည်။

## ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့် ဘဏ္ဍာရေးဆိုင်ရာဗဟိုထိန်းချုပ်မှု လျှော့ချခြင်း

ဖက်ဒရယ်တိုင်းပြည်များတွင် အသုံးစရိတ်နှင့် အခွန်ကောက်ခံခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်ထောင်စုနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းထားသည်။ အချို့သော တိုင်းပြည်များတွင် ဗဟိုထိန်းချုပ်မှုများပြီး အချို့သော တိုင်းပြည်များတွင် ဗဟိုထိန်းချုပ်မှု လျှော့ချထားသည်။ ခေတ်သစ် ဖက်ဒရယ်တိုင်းပြည်များဖြစ်သည့် အိန္ဒိယ၊ ဘရာဇီး၊ အီသီယိုးပီးယား၊ စပိန် စသည့်နိုင်ငံများတွင် ဗဟိုထိန်းချုပ်မှုများသည်ကို တွေ့ရသည်။ ကနဦးဖက်ဒရယ်တိုင်းပြည်များဖြစ်သည့် ကနေဒါ၊ ဆွစ်ဇလန် စသည့်နိုင်ငံများတွင် ဗဟိုထိန်းချုပ်မှုကို အများအပြားလျှော့ချထားသည်ကို တွေ့ရသည်။

တနိုင်ငံလုံး၏ အသုံးစရိတ်နှင့် ဝင်ငွေစုစုပေါင်းတွင်
ပြည်နယ်များ၏ အသုံးစရိတ်နှင့် ကိုယ်ပိုင်ဝင်ငွေ ရာခိုင်နှုန်းဖော်ပြချက်




ပုံ ၂ တွင် ဖက်ဒရယ်တိုင်းပြည်များ၏ ဗဟိုချုပ်ကိုင်မှုအတိုင်းအတာကို နှိုင်းယှဉ် လေ့လာနိုင်ပါသည်။ ဗဟိုချုပ်ကိုင်မှုအတိုင်းအတာကို တစ်နိုင်ငံလုံး၏ အသုံးစရိတ်နှင့် ဝင်ငွေတွင် ပါဝင်သော ပြည်နယ်များ၏ အသုံးစရိတ်နှင့် ကိုယ်ပိုင်ဝင်ငွေ အချိုးကို ကြည့်၍ တိုင်းတာနိုင်ပါသည်။

## မြန်မာနိုင်ငံနှင့် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုထိန်းချုပ်မှုလျှော့ချခြင်း

ဖက်ဒရယ်တိုင်းပြည်များနှင့် နှိုင်းယှဉ်ကြည့်ပါက မြန်မာနိုင်ငံသည် ဗဟိုချုပ်ကိုင်မှုအားကြီးသော နိုင်ငံများတွင် ပါဝင်ပါသည်။ ဗဟိုအစိုးရ၏ အသုံးစရိတ်သည် တစ်နိုင်ငံလုံး စုစုပေါင်း အသုံးစရိတ်၏ ၈၀ ရာခိုင်နှုန်းကျော်ရှိပြီး ပြည်နယ်/တိုင်း အားလုံး၏ ကိုယ်ပိုင်ဝင်ငွေ အရင်းအမြစ်သည် တနိုင်ငံလုံး ဝင်ငွေအရင်းအမြစ် စုစုပေါင်း၏ ၅ ရာခိုင်နှုန်းခန့်သာရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ ပြည်နယ်/တိုင်းများသည် ဗဟိုမှ လွှဲပြောင်းပေးသည့် အခွန်ဘဏ္ဍာအပေါ်တွင် များစွာ မှီခိုနေရသည်ကို တွေ့ရသည်။ (၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကိန်းဂဏန်းအချက်အလက်များအရ)

## ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ်

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် ဖက်ဒရယ်ဘဏ္ဍာရေးစနစ်နှင့် ပတ်သက်၍ ဖော်ပြထားချက်များ ပါရှိပါသည်။

(က) ပြည်ထောင်စုအဆင့်အစိုးရနှင့် ပြည်နယ်အဆင့်အစိုးရများအကြား တိကျ၍ စည်းစနစ် ကျသော အခွန်ဘဏ္ဍာကောက်ခံသည့်စာရင်းကို ရှင်းလင်းစွာ ဥပဒေပြု ပြဋ္ဌာန်းထားရမည်။ ပြည်ထောင်စုအခွန်ဘဏ္ဍာ ကောက်ခံသော ယန္တရားနှင့် ပြည်နယ်အခွန်ဘဏ္ဍာ ကောက်ခံသော ယန္တရားတို့ သီးခြားစီ ရှိရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်တို့အကြား ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်း (Fiscal Manage-ment and Sharing) ဆိုင်ရာ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရမည်။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ ဘက်စုံညီမျှဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ သာတူညီမျှရေး အစီအစဉ်ကို ရေးဆွဲပြဋ္ဌာန်းထားရမည်။

ထို့အပြင် ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် ပြည်သူလူထုနှင့် အနီးစပ်ဆုံးသော အစိုးရအဆင့်မှ ဆုံးဖြတ်ချက်ချရန် (The Principle of Subsidiarity) ကိုလည်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အသေးစိတ်ကို နောက်အပိုင်းများတွင် ထည့်သွင်းဆွေးနွေးထားပါသည်။

# ၂။ အသုံးစရိတ်နှင့် အခွန်ကောက်ခံမှုဆိုင်ရာ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

## အသုံးစရိတ်ဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်

မည်သည့်အစိုးရအလွှာက မည်သည့်ကဏ္ဍတွင် ဘဏ္ဍာငွေသုံးစွဲ၍ ဆောင်ရွက်ပိုင်ခွင့် ရှိသည်ကို ဆိုလိုခြင်း ဖြစ်သည်။

## အခွန်ကောက်ခံမှုဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်

မည်သည့်အစိုးရအလွှာက မည်သည့်အခွန်ကို သတ်မှတ်ကောက်ခံသုံးစွဲမည်ဆိုသည်ကို ဆိုလိုခြင်း ဖြစ်သည်။

## အရေးပါပုံ

ဖက်ဒရယ်ဘဏ္ဍာရေးစနစ်တွင် အသုံးစရိတ်ဆိုင်ရာနှင့် အခွန်ကောက်ခံမှုဆိုင်ရာ တာဝန်လုပ်ပိုင်ခွင့်များ ခွဲဝေခြင်းမှာ အခြေခံအကျဆုံး ဖြစ်သည်။ ပြည်ထောင်စုတစ်ခု လည်ပတ်နိုင်ရန်အတွက်လည်း အရေးပါသည့် ကဏ္ဍများ ဖြစ်ကြသည်။

အသုံးစရိတ်ဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေရာတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားကြရပါသည်။

- ခွဲဝေအပ်နှင်းရမည့် ကဏ္ဍကို ထိထိရောက်ရောက် ဆောင်ရွက် အကောင်ထည်ဖော်နိုင်မှု။
- ခွဲဝေအပ်နှင်းရမည့် ကဏ္ဍ၏ သက်ရောက်မှု အတိုင်းအတာနှင့် ကုန်ကျစရိတ်လွှမ်းခြုံနိုင်မှု။
- သက်ဆိုင်ရာ ဒေသ၏ လိုအပ်ချက်များ၊ လိုလားချက်များကို ထင်ဟပ်နိုင်မှု။
- မူဝါဒများ သဟဇာတဖြစ်ရန် လိုအပ်ချက်။

အလားတူပင် အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ပိုင်ခွင့်များ ခွဲဝေရာတွင် ထည့်သွင်းစဉ်းစားရမည့် အကြောင်းခြင်းရာများ ရှိပါသည်။

- တစ်နိုင်ငံလုံး၏ စီးပွားရေးအနေအထားအပေါ် သက်ရောက်နိုင်မှု။
- အခွန်စနစ်များအကြား သဟဇာတ ဖြစ်မှု။
- ပြည်နယ်များအကြား၊ နိုင်ငံသားများအကြား မျှတမှု။
- အစိုးရများ၏ တာဝန်ယူမှု၊ တာဝန်ခံမှု။

အထက်ဖော်ပြပါ အကြောင်းခြင်းရာများကို ထောက်ရှုခြင်းအားဖြင့် အသုံးစရိတ်ဆိုင်ရာနှင့် အခွန်ကောက်ခံမှုဆိုင်ရာ တာဝန်လုပ်ပိုင်ခွင့်များ၏ အရေးပါပုံကို မှန်းဆသိရှိနိုင်ပါသည်။

## အသုံးစရိတ်ဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေခြင်း
## ပြည်ထောင်စုအစိုးရ၏ အသုံးစရိတ်ဆိုင်ရာ သီးခြားလုပ်ပိုင်ခွင့်အာဏာများ

ဖက်ဒရယ်နိုင်ငံများတွင် အောက်ပါကဏ္ဍများကို အများအားဖြင့် ပြည်ထောင်စု အစိုးရအား သီးခြားလုပ်ပိုင်ခွင့်အာဏာအဖြစ် အပ်နှင်းလေ့ ရှိသည်။

ပြည်ထောင်စု တစ်ဝှမ်းလုံးအပေါ် အကျိုးသက်ရောက်မှုရှိမည့် ကဏ္ဍများနှင့် ပြည်နယ်များအကြား အကျိုးဆက် ပြန့်ပွားသွားနိုင်မည့် ကဏ္ဍများ

ဥပမာ – နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတကာ ကုန်သွယ်ရေး

ပြည်ထောင်စုအတွင်း ကုန်သွယ်ရေးနှင့် ဈေးကွက်များ စနစ်တကျ လည်ပတ်ရန် အရေးပါသည့် ကဏ္ဍများ

ဥပမာ – ပြည်တွင်းကုန်သွယ်ရေး၊ ဈေးကွက်ယှဉ်ပြိုင်ခြင်းဆိုင်ရာ မူဝါဒများ

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြား ဟန်ချက် ညီညီ ရှိနေရန် အရေးပါသည့် ကဏ္ဍများ

ဥပမာ – ငွေကြေးဈေးကွက်၊ နည်းပညာနှင့် ဆက်သွယ်ရေး

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြား သာတူ ညီမျှရေး အတွက် ဆောင်ရွက်ရသည့် ကဏ္ဍများ

## ပြည်နယ်အစိုးရများ၏ အသုံးစရိတ်ဆိုင်ရာ သီးခြားလုပ်ပိုင်ခွင့်အာဏာများ

ပြည်နယ်အစိုးရများကို အောက်ပါကဏ္ဍများတွင် သီးခြားလုပ်ပိုင်ခွင့် အာဏာအဖြစ် အပ်နှင်းလေ့ ရှိပါသည်။

> ပြည်နယ်နှင့် ဒေသန္တရ အပေါ်သာ အကျိုးသက်ရောက်မှု ရှိမည့် ကဏ္ဍများ
>
> > ဥပမာ – ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမျိုး၊ ဘာသာစကားကွဲပြားသည့် တိုင်းပြည်များတွင် အခြေခံပညာအလယ်တန်းအထိ ပညာရေးကို ပြည်နယ်များကသာ တာဝန်ယူဆောင်ရွက်ကြသည်ကို တွေ့ရှိရသည်။
>
> ပြည်နယ်အဆင့် သို့မဟုတ် ဒေသန္တရ အဆင့်က စီမံခန့်ခွဲလျှင် ပိုမိုထိရောက်သည့် ကဏ္ဍများ
>
> > ဥပမာ – လူမှုဖူလုံရေး၊ ရေပေးဝေရေး၊ ရဲတပ်ဖွဲ့။
>
> ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများ

ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ အသုံးစရိတ်ဆိုင်ရာ ပူးတွဲလုပ်ပိုင်ခွင့်အာဏာများ

အချို့သောကဏ္ဍများတွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ ပူးတွဲဆောင်ရွက်လေ့ရှိကြသည်။

> သက်ဆိုင်ရာ ပြည်နယ်များအတွင်းတွင်သာမက ပြည်ထောင်စုတစ်ခုလုံးအတွက်လည်း အကျိုးရှိစေမည့် ကဏ္ဍများ
>
> > ဥပမာ – အဆင့်မြင့်ပညာရေး၊ သယံဇာတကဏ္ဍ၊ စိုက်ပျိုးရေးနှင့် ရဲလုပ်ငန်း။

- လူတစ်ဦးချင်းအကြား ပြန်လည်မျှဝေသည့် သဘော ဆောင်သည့် ကဏ္ဍများ
  - ဥပမာ – ဝင်ငွေအာမခံချက်ရှိရေး ကဏ္ဍများ၊ အစိုးရပင်စင်လစာကိစ္စရပ်များ။

ဇယား ၁ တွင် အစိုးရများအကြား အသုံးစရိတ်ဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေပုံနှင့် ပတ်သက်၍ ဖက်ဒရယ်တိုင်းပြည်များ၌ တွေ့ရ လေ့ရှိသော ပုံစံကို တင်ပြထားပါသည်။ ကဏ္ဍတစ်ခုလျှင် မူဘောင်ချမှတ် ခြင်းနှင့် ကြီးကြပ်ခြင်း၊ ဘဏ္ဍာငွေကျခံခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဟူသည့် အစိတ်အပိုင်း ၃ ရပ် ခွဲ၍ တင်ပြထားပါသည်။

| အသုံးစရိတ်ကဏ္ဍ | မူဝါဒ၊ စံနှုန်း၊ ကြီးကြပ်ခြင်း | ဘဏ္ဍာငွေ အရင်းအမြစ် | ဝန်ဆောင်မှုနှင့် စီမံခန့်ခွဲခြင်း |
|---|---|---|---|
| ကာကွယ်ရေးနှင့် နိုင်ငံခြားရေး | C | C | C |
| နိုင်ငံတကာကုန်သွယ်ရေး | C | C | C |
| ငွေကြေးနှင့် ငွေကြေးဆိုင်ရာ မူဝါဒ | C | C | C |
| အလုပ်လက်မဲ့ အာမခံ | C | C | C, S |
| ယှဉ်ပြိုင်ခြင်းနှင့် စက်ရုံအလုပ်ရုံဆိုင်ရာ မူဝါဒ | C | C | C, S |
| ငွေကြေးနှင့် ဈေးကွက်ဆိုင်ရာ နည်းဥပဒေများ | C | C, S | C, S |
| ဆက်သွယ်ရေး | C | C, S | C, S |
| ပြစ်မှုနှင့် ရာဇသတ်ဥပဒေ | C | C, S | C, S |
| လူဝင်မှုကြီးကြပ်ရေး | C, S | C, S | C, S |
| သဘာဝ သယံဇာတ | C, S | C, S | C, S, L |
| သဘာဝပတ်ဝန်းကျင် | C, S, L | C, S, L | C, S, L |
| ပညာရေး | C, S, L | C, S, L | C, S, L |
| ကျန်းမာရေး | C, S, L | C, S, L | C, S, L |
| လူမှုဖူလုံရေး | C, S, L | C, S, L | C, S, L |
| အဝေးပြေးလမ်းမကြီးများ | C, S, L | C, S, L | C, S, L |
| ပန်းခြံနှင့် အပန်းဖြေနေရာများ | C, S, L | C, S, L | C, S, L |
| ရဲတပ်ဖွဲ့ | S, L | S, L | S, L |
| ရေ၊ ရေနုတ်မြောင်းနှင့် မီးဘေးကာကွယ်ရေး | L | L | L |

C: ပြည်ထောင်စု အစိုးရ၊ S: ပြည်နယ်အစိုးရ၊ L: ဒေသန္တရ အစိုးရ

## ဖက်ဒရယ်တိုင်းပြည်များတွင် ပြည်နယ်များ၏ ကဏ္ဍအလိုက် အသုံးစရိတ် ပုံစံများ


ဇယား ၂ နှင့် ၃ တွင် ကဏ္ဍအလိုက် တစ်နိုင်ငံလုံး၏ စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်သော ပြည်နယ်များ၏ အသုံးစရိတ်ရာခိုင်နှုန်းများကို ဖော်ပြထားသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် အသုံးစရိတ်ဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်တွင်


ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာ အတိုင်းအတာကို တစ်စိတ်တစ်ပိုင်း မှန်းဆနိုင်ပါသည်။

ဖော်ပြထားသော ကဏ္ဍများမှာ
ပညာရေး
ကျန်းမာရေး
လူမှုဖူလုံရေး
စီးပွားရေး
တရားဥပဒေ စိုးမိုးရေး (ရဲလုပ်ငန်း)
သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ ဖြစ်ကြသည်။

ယေဘုယျအားဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပြည်နယ်အစိုးရ အသုံးစရိတ်က ပြည်ထောင်စုအစိုးရထက် ပိုများနေတတ်သည်ကို တွေ့ရသည်။ သို့သော် လူမှုဖူလုံရေးကဏ္ဍတွင် ပြည်ထောင်စုအစိုးရ၏ အသုံးစရိတ်က ပိုများနေသည်ကို တွေ့ရပါမည်။

တစ်ဖန် စီးပွားရေးကဏ္ဍတွင် ပြည်နယ်အစိုးရများ၏ အရေးပါမှုကို တွေ့ရပြီး တရားဥပဒေစိုးမိုးရေးကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများတွင်တော့ ပုံသေကားကျ သတ်မှတ်၍ မရပေ။






## မြန်မာနိုင်ငံတွင် အသုံးစရိတ်ဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့် ခွဲဝေထားမှု အခြေအနေ

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး၏ အသုံးစရိတ်အားလုံးနီးပါးကို ပြည်ထောင်စု အစိုးရက ထိန်းချုပ်ထားသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကိန်းဂဏန်း အချက်အလက်များအရ ပြည်ထောင်စုအစိုးရ၏ အသုံးစရိတ်သည် တစ်နိုင်ငံ လုံး စုစုပေါင်းအသုံးစရိတ်၏ ၈၀ ရာခိုင်နှုန်းကျော်ရှိပါသည်။ အသေးစိတ်ကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ***ဇယား ၁ နှင့် ၂***

## အခွန်ကောက်ခံမှုဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေခြင်း
## အခွန်ကောက်ခံမှုဆိုင်ရာ အခြေခံများ

အခွန်ကောက်ခံမှုဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေရာတွင် ထည့်သွင်း စဉ်းစားသင့်သည်များကို စာတမ်းအစတွင် ဖော်ပြထားပါသည်။ ဤနေရာတွင် အခွန်ကောက်ခံခွင့်နှင့် ပတ်သက်၍ ဖက်ဒရယ်နိုင်ငံများ လက်တွေ့ ကျင့်သုံး လျက်ရှိသော ပုံစံများကို တင်ပြပါမည်။

အခွန်များ၏ သဘောသဘာဝအရ ပြည်ထောင်စုအစိုးရ ကောက်ခံသင့်သည့် အခွန်များ

၁) ရွှေ့ပြောင်းတတ်သည့် သဘောရှိသော အခွန်များ။
**ဥပမာ –** ဝင်ငွေခွန် (corporate tax) ။ အများပိုင် ကုမ္ပဏီများသည် အခွန်နှုန်းထား အနည်းအများ ပေါ်မူတည်၍ ရွှေ့ပြောင်းနိုင်ချေရှိပြီး၊ ထိုကဲ့သို့ ရွှေ့ပြောင်းခဲ့သည်ရှိသော် ပြည်နည် များအကြား မမျှတမှု များပေါ်ပေါက်လာနိုင်သလို တစ်နိုင်ငံလုံး၏ စီးပွားရေး အနေအထား အပေါ်လည်း ထိခိုက်နိုင်ခြေရှိပါသည်။

၂) လူတစ်ဦးချင်းအကြား ပြန်လည်မျှဝေမှု သဘောဆောင်သည့် အခွန်များ။
**ဥပမာ –** တစ်ဦးချင်းဝင်ငွေခွန်၊ ဓနခွန်၊ အမွေခွန်။ ထိုကဲ့သို့သော အခွန်များမှာ ပြည်ထောင်စုသားအားလုံးအကြား ပြန်လည်မျှဝေရ မည့် သဘောရှိခြင်းကြောင့် ပြည်ထောင်စုအစိုးရအား ကောက်ခံ ပိုင်ခွင့် ပေးအပ်လေ့ ရှိသည်။

၃)နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရသော ကုန်သွယ်လုပ်ငန်း ခွန်များ။

၄) ပြန့်နှံ့တည်ရှိနေမှု မတူညီသော အခွန်များ။
**ဥပမာ –** သယံဇာတအခွန်များ။ ဖက်ဒရယ်နိုင်ငံတစ်ခုတွင် သယံဇာတပေါများသော ပြည်နယ်များ ရှိသကဲ့သို့ သယံဇာတ ရှားသော ပြည်နယ်များလည်း ရှိနေတတ်ပါသည်။ ထိုအခါ ယင်း သယံဇာတများမှ ထွက်ရှိသော အခွန်ဘဏ္ဍာများကို ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များအကြား မျှမျှတတ ခွဲဝေသုံးစွဲနိုင်ကြစေရန် ပြည်ထောင်စု အစိုးရက ကောက်ခံပြီး မျှတရေးမူအရ ပြန်လည်ခွဲဝေ ပေးလေ့ ရှိပါသည်။ ဤနေရာတွင် ပြည်ထောင်စုအစိုးရက ကောက်ခံ သည်ဆိုရုံမျှဖြင့် ထိုသယံဇာတမှရရှိသော အခွန်ဘဏ္ဍာများကို ပြည်ထောင်စုအစိုးရကသာ ရရှိသည်ဟု မဆိုနိုင်ပါ။ ပြည်ထောင်စုနှင့် အဖွဲ့ဝင်ပြည်နည်များအကြား မျှတစွာ ခွဲဝေသည့် နည်းလမ်းများကို

ထားရှိ၍ ဆောင်ရွက်လေ့ ရှိကြသည်။

## အခြား ထည့်သွင်းစဉ်းစားစရာများ

### *တာဝန်ယူမှု၊ တာဝန်ခံမှု*

သက်ဆိုင်ရာ အစိုးရအလွှာများသည် ပြည်သူအပေါ် တာဝန်ယူရပါသည်။ တာဝန်ခံရပါသည်။ ထိုကဲ့သို့ တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းစေရန် သက်ဆိုင်ရာ အစိုးရအလွှာများ၌ ကိုယ်ပိုင်အခွန်ဘဏ္ဍာများ ထိုက်သည့် အားလျော်စွာ လုံလုံလောက်လောက် ရှိရပါသည်။ သို့မှသာ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို တာဝန်ယူမှုရှိစွာ၊ တာဝန်ခံမှုရှိစွာ ဆောင်ရွက်နိုင်မည် ဖြစ်သည်။

### *ဘဏ္ဍာရေးစနစ် စည်းစနစ်ကျခြင်း*

ပြည်သူများထံမှ ကောက်ခံရရှိသော အခွန်ဘဏ္ဍာများကိုဖြစ်စေ၊ ပြည်ထောင်စု အစိုးရက လွှဲပြောင်းပေးအပ်သော အခွန်ဘဏ္ဍာများကိုဖြစ်စေ ပြည်သူများ၏ ရေတို၊ ရေရှည်အကျိုးစီးပွားကိုလည်းကောင်း၊ ပြည်ထောင်စု တစ်ခုလုံး၏ ရေတို၊ ရေရှည် အကျိုးစီးပွားကိုလည်းကောင်း ချိန်ဆ၍ စနစ်ကျကျ သုံးစွဲနိုင်ရန်လည်း အရေးကြီးပါသည်။ ထိုကဲ့သို့ သုံးစွဲနိုင်စေရန် စနစ်ကျနသော ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းနည်းလမ်းများကို ပြဋ္ဌာန်းထား ရပါသည်။

ထို့ကြောင့် အခွန်ကောက်ခံပိုင်ခွင့် အာဏာများကို ခွဲဝေရာ၌ စီးပွားရေး အရလည်း ထိရောက်ရမည် ဖြစ်သကဲ့သို့ တစ်ဖက်တွင် ပြည်နယ်အစိုးရ များမှ ၎င်းတို့ ပြည်နယ်သားများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေး ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ စီးပွားရေးအရ ထိရောက်မှုရှိရေး နှင့် ပြည်နယ်များအကြား သာတူညီမျှမှုရှိရေးတွက် ပြည်ထောင်စုအစိုးရ က ဆောင်ရွက်ရသကဲ့သို့ တစ်ဖက်တွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိ သော အစိုးရများ ပေါ်ပေါက်လာရန် ပြည်နယ်များက ကြီးမားသော အချို့ အခွန်အမျိုးအစားများကို ကောက်ခံပိုင်ခွင့် ရှိသင့်သည်ဟု ဆိုကြသည်။ ဆိုခဲ့ပါ


ရည်ရွယ်ချက်များကို ချင့်ချင့်ချိန်ချိန်၊ တွေးတွေးဆဆ ဆွေးနွေးညှိနှိုင်းကြ၍ ရုပ်လုံးဖော်ကြရပါသည်။

| အခွန်အမျိုးအစား | အခြေခံမူ သတ်မှတ်ခြင်း | အခွန်နှုန်းထား သတ်မှတ်ခြင်း | အခွန်ကောက်ခံခြင်း နှင့် စီမံခန့်ခွဲခြင်း |
|---|---|---|---|
| အကောက်ခွန် | C | C | C |
| ကော်ပိုရိတ်ဝင်ငွေခွန် | C | C | C |
| သယံဇာတငှားရမ်းခွန် | C | C | C |
| သယံဇာတ ခိုင်ကြေး၊ အခွန်၊ အခ | S, L | S, L | S, L |
| တဦးချင်းဝင်ငွေခွန် | C | C, S, L | C |
| ကြွယ်ဝချမ်းသာမှုအပေါ် ကောက်ခံသည့် အခွန် | C | C, S | C |
| လစာခွန် | C, S | C, S | C |
| အရောင်းခွန် | C | C, S | C, S |
| ကာဗွန်ခွန် | C | C | C |
| ယစ်မျိုးခွန် | S, L | S, L | S, L |
| လောင်စာခွန် | C, S, L | C, S, L | C, S, L |
| ယာဉ်ရပ်နားခ | L | L | L |
| ပိုင်ဆိုင်မှုနှင့် မြေယာခွန် | S | L | L |
| ငှားရမ်း အ သုံးပြုခ | C, S, L | C, S, L | C, S, L |

C: ပြည်ထောင်စု အစိုးရ၊ S: ပြည်နယ်အစိုးရ၊ L: ဒေသန္တရ အစိုးရ

## *အခွန်ကောက်ခံမှုဆိုင်ရာ သီးခြားလုပ်ပိုင်ခွင့်အာဏာများ၊ ပူးတွဲလုပ်ပိုင်ခွင့်အာဏာများ*

ဇယား ၄ တွင် ဖက်ဒရယ်တိုင်းပြည်များ၌ အခွန်ကောက်ခံမှုဆိုင်ရာ တာဝန်များကို ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရများအကြား မည်သို့ခွဲဝေထားသည်ကို ဖော်ပြထားပါသည်။ အခွန်တစ်မျိုးစီကို အခွန်အရင်းအမြစ်သတ်မှတ်ခြင်း၊ အခွန်နှုန်းထားသတ်မှတ်ခြင်း၊ အခွန်ကောက်ခံခြင်း ဟူ၍ အပိုင်း ၃ ပိုင်းခွဲ၍ ဖော်ပြထားပါသည်။




ဇယား ၄ တွင် ဖော်ပြထားသော အခွန်များမှာ ဝင်ငွေခွန်နှင့် အမြတ်တော်ခွန်၊ ကုန်စည်နှင့်ဝန်ဆောင်မှုအခွန်၊ ပစ္စည်းခွန်တို့ ဖြစ်ပါသည်။ ၎င်းအခွန်တို့အနက် ဝင်ငွေခွန်၊ အမြတ်တော်ခွန်နှင့် ကုန်စည်/ဝန်ဆောင်မှုအခွန်တို့ကို ပြည်ထောင်စုအစိုးရက အဓိက ကောက်ခံသည်ကို တွေ့ရသည်။ ပစ္စည်းခွန်ကို ပြည်နယ်/ဒေသန္တရအစိုးရကသာ အများစု ကောက်ခံသည် တွေ့ရပါမည်။

## *အခွန်နှင့် အသုံးစရိတ်*

ဖက်ဒရယ်တိုင်းပြည် အတော်များများတွင် အခွန်ကောက်ခံပိုင်ခွင့် အာဏာ အများစုကို ပြည်ထောင်စု အစိုးရက ရယူထားကြသည်ကို ယေဘုယျအားဖြင့် လေ့လာတွေ့ရှိနိုင်သည်။ ပြည်ထောင်စုအစိုးရ ကောက်ခံရရှိသည့် အခွန်ဘဏ္ဍာငွေပမာဏသည် ၎င်း၏ အသုံးစရိတ်ထက် ပိုမို များပြားနေတတ်ပါသည်။ တစ်ဖက်တွင် ပြည်နယ်များ ကောက်ခံရရှိသည့် အခွန်ဘဏ္ဍာငွေပမာဏသည် ၎င်းပြည်နယ်များ၏ အသုံးစရိတ်ထက် ပိုမိုနည်းပါးသည်ကို လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် ပြည်နယ်များ၏ အသုံးစရိတ်အတွက် လိုအပ်နေသည့် ဘဏ္ဍာငွေများကို ပြည်ထောင်စုအစိုးရက ကောက်ခံရရှိထားသည့် အခွန်ဘဏ္ဍာငွေများမှ မျှဝေခြင်း၊ လွှဲပြောင်းပေးခြင်းများကို ဖက်ဒရယ်တိုင်းပြည်များတွင် ဆောင်ရွက်ကြရသည်။

## *မြန်မာနိုင်ငံ၏ အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာခွဲဝေမှု*

မြန်မာနိုင်ငံတွင် ဝင်ငွေခွန်၊ ကုန်သွယ်ခွန်နှင့် ဝင်ငွေအဓိကရသည့် ကဏ္ဍအများစုကို ဗဟိုအစိုးရက အခွန်ကောက်ခံပါသည်။ ပြည်နယ်များကို အခွန်ကောက်ခံခွင့် ပေးထားသည့် ကဏ္ဍများ အထိုက်အသင့်ရှိသော်လည်း ဝင်ငွေများများရရှိသည့် ကဏ္ဍများ မဟုတ်ကြပေ။ အသေးစိတ်ကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ တွင်လည်းကောင်း၊ Citizen's Budget စာစဉ်များတွင်လည်းကောင်း လေ့လာနိုင်ပါသည်။

## *ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်*

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

(က) ပြည်ထောင်စုအဆင့်အစိုးရနှင့် ပြည်နယ်အဆင့်အစိုးရများအကြား စည်းစနစ်ကျသော အခွန်ဘဏ္ဍာ ကောက်ခံသည့်စာရင်းကို ဥပဒေပြု ပြဋ္ဌာန်းထားရမည်။ ပြည်ထောင်စုအခွန်ဘဏ္ဍာ ကောက်ခံသော ယန္တရားနှင့် ပြည်နယ်အခွန်ဘဏ္ဍာ ကောက်ခံသော ယန္တရားတို့ သီးခြားစီ ရှိရမည်။

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အရ အသုံးစရိတ်ဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်တွင် ပြည်နယ်အစိုးရများသည် ကြီးမားသော အခန်းကဏ္ဍတွင် ပါဝင်ကြလိမ့်မည်ဖြစ်သည်။ ဤအချက်မှာ လွန်ခဲ့သော ကာလများနှင့် များစွာကွာခြားလာသည့် အချက်ပင် ဖြစ်သည်။ ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များဖြစ်သော ဝန်ဆောင်မှု၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုကူညီရေး၊ ပင်စင်၊ ကလေးသူငယ်များအတွက် အထောက်အပံ့ စသည့်ကဏ္ဍများတွင် ပြည်နယ်များက အဓိက တာဝန်ယူဆောင်ရွက်ရန် ဖြစ်လာသည်ကို တွေ့ရှိရသည်။


ထို့အပြင် ပြည်နယ်များအား အခွန်ကောက်ခံခွင့်ဆိုင်ရာ လုပ်ပိုင်ခွင့်များကို အများအပြားပေးအပ်ရန် ရည်မှန်းထားသည်။ ထို့ကြောင့် ဖက်ဒရယ်

ဒီမိုကရေစီပဋိညာဉ်အရ အနာဂတ်မြန်မာနိုင်ငံ၏ အခွန်ကောက်ခံမှုပုံစံသည် ဗဟိုထိန်းချုပ်မှု အလွန်လျှော့ချထားသည့် ပုံစံဖြစ်လာနိုင်သည်။ ထိုကဲ့သို့ ဗဟိုထိန်းချုပ်မှု အလွန်လျှော့ချထားသည့် အခွန်ကောက်ခံမှုစနစ်ကို ကျင့်သုံးမည်ဆိုလျှင် ပြည်နယ်များအကြား မမျှတမှု၊ ဆင်းရဲချမ်းသာ ကွာဟမှု စသည့် ကြုံလာရနိုင်မည့် ပြဿနာများကို ဖြေရှင်းရန် နည်းလမ်းများ တင်ကြို၍ စဉ်းစားထားရန် လိုအပ်ပါမည်။

# ၃။ အစိုးရအချင်းချင်းအကြား ဘဏ္ဍာငွေများ လွှဲပြောင်းခြင်း

## ဖက်ဒရယ်နိုင်ငံများတွင် တွေ့ရသည်မှာ ဤသို့ ဖြစ်သည်။

အစိုးရအလွှာများအကြား အသုံးစရိတ်တာဝန်များ ခွဲဝေရာတွင် အခွန်ဘဏ္ဍာ ကောက်ခံခြင်း တာဝန်များ ခွဲဝေရာထက် ဗဟိုချုပ်ကိုင်မှု ပိုမိုလျှော့ချထားသည်ကို တွေ့ရှိရသည်။ တစ်နည်းအားဖြင့် အသုံးစရိတ်ဆိုင်ရာ လုပ်ပိုင်ခွင့်များကို ပြည်နယ်အစိုးရများအား ပိုမို၍ အပ်နှင်းထားလေ့ရှိသော်လည်း အခွန်ဘဏ္ဍာဆိုင်ရာ လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုအစိုးရအား ပိုမို၍ အပ်နှင်းထားလေ့ရှိသည်။ ထိုအခါ ပြည်နယ်များမှာ ဘဏ္ဍာငွေသုံးစွဲရမည့် လုပ်ပိုင်ခွင့်နယ်ပယ်အားဖြင့် ပြည်ထောင်စုအစိုးရထက် ပိုမိုများပြားနေသော်လည်း သုံးစွဲနိုင်မည့် ဘဏ္ဍာငွေပမာဏအားဖြင့် မလုံမလောက် ဖြစ်နေပါသည်။ ဤသို့သော အခြေအနေမျိုးကို Vertical Fiscal Gap ဟု ခေါ်ဆိုသတ်မှတ်ပြီး ပြည်ထောင်စုအစိုးရက လွှဲပြောင်းငွေများဖြင့် ဖြည့်တင်းပေးရပါသည်။ (ပုံ ၁)




VFG ကို ဖြည့်တင်းခြင်းအပြင် အောက်ပါ ရည်ရွယ်ချက်များလည်း ရှိပါသေးသည်။


- ပြည်နယ်များအကြား ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ၏ အရည်အသွေး ကွာဟမှု နည်းစေရန်
- ပြည်နယ်များအကြား မျှတမှုကို ဖော်ဆောင်ရန်
- နိုင်ငံလုံးဆိုင်ရာ ရည်မှန်းချက်များ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် အကောင်အထည် ဖော်ဆောင်ရန်

ထို့ကြောင့် အစိုးရအလွှာများအကြား လွှဲပြောင်းငွေများမှာ ဖက်ဒရယ်နိုင်ငံများတွင် အရေးပါသော အခန်းကဏ္ဍတစ်ရပ်၊ ယန္တရားတစ်ခုအဖြစ် ရှိနေပါသည်။

ဖက်ဒရယ်နိုင်ငံအားလုံးတွင် အစိုးရအချင်းချင်းအကြား ဘဏ္ဍာငွေလွှဲပြောင်းခြင်း စနစ်ကို ကျင့်သုံးကြသည်ချည်းသာ။ အဓိကအားဖြင့် ပြည်ထောင်စုအစိုးရမှ ပြည်နယ်အစိုးရများသို့ လွှဲပြောင်းပေးလေ့ရှိပြီး တစ်ခါတစ်ရံတွင် ပြည်နယ်အစိုးရများမှ ဒေသန္တရ အစိုးရများသို့ လွှဲပြောင်းပေးခြင်းများလည်း ရှိတတ်သည်။

ပြည်နယ်အစိုးရများ လက်ခံရရှိသော ဘဏ္ဍာငွေလွှဲပြောင်းပေးမှု ပမာဏမှာ နိုင်ငံအလိုက် ခြားနားမှု ရှိပါသည်။ ထိုခြားနားမှုကို ပြည်နယ်များ၏ အသုံး စရိတ်စုစုပေါင်းတွင် ပါဝင်နေသော ပြည်ထောင်စုမှ လွှဲပြောင်းငွေ အချိုးအစား

ပြည်နယ်အစိုးရများ၏ ကိုယ်ပိုင်အသုံးစရိတ်အတွက်
ပြည်ထောင်စုအစိုးရထံမှ ဘဏ္ဍာငွေလွှဲပြောင်းရရှိမှု




ယေဘုယျအားဖြင့် ပြည်ထောင်စုအစိုးရမှ ပြည်နယ်များသို့ ဘဏ္ဍာငွေလွှဲ ပြောင်းပေးခြင်းပုံစံ နှစ်မျိုးရှိသည်။ ၎င်းတို့မှာ

(က) ကန့်သတ်ချက်မဲ့ လွှဲပြောင်းငွေ(unconditional transfer) နှင့်
(ခ) ကန့်သတ်ချက်နှင့် လွှဲပြောင်းငွေ (conditional transfer) တို့ ဖြစ်ကြသည်။

တစ်ဖန် ကန့်သတ်ချက်မဲ့ လွှဲပြောင်းငွေကို ပုံစံကွဲ နှစ်မျိုးဖြင့် လွှဲပြောင်း နိုင်သည်။ ၎င်းတို့မှာ

(က) အစိုးရများအကြား အခွန်ဘဏ္ဍာပြန်လည်မျှဝေသည့် ပုံစံ (revenue-sharing) နှင့်
(ခ) မျှတမှုကို အခြေခံသည့် လွှဲပြောင်းငွေ ပုံစံ (equalization

transfer) တို့ ဖြစ်ကြသည်။ ဤပုံစံများကို အောက်တွင် အကျယ်ဆွေးနွေးတင်ပြထားပါသည်။

အလားတူပင် ကန့်သတ်ချက်နှင့် လွှဲပြောင်းငွေသည်လည်း ပုံစံကွဲ နှစ်မျိုး ရှိပြန်ပါသည်။ ၎င်းတို့မှာ

(က) လက်ခံရယူမည့် အစိုးရအနေဖြင့် ထည့်ဝင်ဖြည့်စွက်ရန် လိုအပ်သည့် လွှဲပြောင်းငွေပုံစံ (matching transfer) နှင့်

(ခ) လက်ခံရယူမည့် အစိုးရအနေဖြင့် ထည့်ဝင်ဖြည့်စွက်ရန် မလိုအပ်သည့် လွှဲပြောင်းငွေပုံစံ (non-matching transfer) တို့ ဖြစ်ကြသည်။

အကြမ်းအားဖြင့် မှတ်ယူနိုင်သည် ကန့်သတ်ချက်မဲ့ လွှဲပြောင်းငွေများမှာ မည်သည့်ကဏ္ဍတွင် သုံးစွဲရမည် စသည့် ကန့်သတ်ထားချက်များ မပါဝင်သောကြောင့် ပြည်နယ်များအနေဖြင့် လိုအပ်ရာ ကဏ္ဍများတွင် လွတ်လပ်စွာ သုံးစွဲနိုင်သည်။ သို့သော် ကန့်သတ်ချက်နှင့် လွှဲပြောင်းငွေများကို သတ်မှတ်ထားသည့် ကန့်သတ်ချက်ဘောင်အတွင်းကသာ သုံးစွဲနိုင်ပေသည်။ ၎င်း အမျိုးအစားနှစ်မျိုးစလုံးကို ဖက်ဒရယ်နိုင်ငံတိုင်းတွင် တွေ့ရပြီး ပြည်ထောင်စု တစ်ခုလုံး အကျိုးကို ရည်မျှော်၍ သက်ဆိုင်ရာ အစိုးရများက ချင့်ချင့်ချိန်ချိန်၊ လည်လည်ပတ်ပတ် အသုံးချတတ်ရန် အလွန်အရေးကြီးလှပါသည်။

ကန့်သတ်ချက်မဲ့ လွှဲပြောင်းငွေအမျိုးအစားတွင် ပါဝင်သော အစိုးရအလွှာများ အကြား အခွန်ဘဏ္ဍာ ပြန်လည်မျှဝေသည့် ပုံစံ (revenue-sharing)နှင့် မျှတမှုကို အခြေခံသည့် လွှဲပြောင်းငွေ ပုံစံ (equalization transfer) တို့ကို အကျယ်ဆွေးနွေးတင်ပြပါမည်။

## အစိုးရအလွှာများအကြား အခွန်ဘဏ္ဍာငွေမျှဝေခြင်း (Revenue Sharing)

ဤ အခွန်ဘဏ္ဍာမျှဝေသည့် ပုံစံကျင့်သုံးရန်အတွက် ခွဲဝေသုံးစွဲရမည့် အခွန် အမျိုးအစားများကို ဦးစွာ သတ်မှတ်ထားရှိရသည်။ ထို့နောက် ထိုအခွန်အမျိုး

အစားမှ ရရှိလာသည့် အခွန်ဘဏ္ဍာငွေများကို ပြည်ထောင်စုနှင့် ပြည်နယ်များအကြား မည်သို့ ခွဲဝေသုံးစွဲရမည် ဟူသည့် ကြိုတင်သဘောတူညီချက်များ ရှိထားရသည်။ ပုံမှန်အားဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား မျှဝေသုံးစွဲရမည့် အခွန်များကို ပြည်ထောင်စုအစိုးရက ကောက်ခံလေ့ရှိသည်။

အကြမ်းအားဖြင့် အခွန်ဘဏ္ဍာမျှဝေသည့် ပုံစံ ၃ မျိုး ရှိပါသည်။

(က) အခွန်ကောက်ခံရရှိရာ ဒေသကို အခြေခံသည့် ပုံစံ (origin basis)

(ခ) တစ်ဦးချင်းမျှတမှုကို အခြေခံသည့် ပုံစံ (equal per capitra basis) နှင့်

(ဂ) အထက်ပါ ပုံစံနှစ်မျိုးကို ရောစပ်ကျင့်သုံးသည့် ပုံစံတို့ ဖြစ်ကြသည်။

## (က) အခွန်ကောက်ခံရရှိရာ ဒေသကို အခြေခံသည့် ပုံစံ (origin basis)

ဤပုံစံတွင် ပြည်ထောင်စုနှင့် ပြည်နယ်အကြား မျှဝေမည်ဟု သတ်မှတ်ထားသော အခွန်အမျိုးအစားမှ ရရှိလာသည့် အခွန်ဘဏ္ဍာ၏ အချိုးအစားတစ်ခုအား ထိုအခွန်ကောက်ခံရရှိရာ ပြည်နယ်အား မျှဝေပေးရသည့် ပုံစံဖြစ်ပါသည်။ မျှဝေမည့် အချိုးအစားကိုတော့ တင်ကြို၍ သဘောတူညီချက် ရရှိထားရပါသည်။ ဥပမာအားဖြင့် ဝင်ငွေခွန်အား ပြည်ထောင်စုနှင့် ပြည်နယ်ကြား ၆၀/၄၀ အချိုးအစားအားဖြင့် ပြန်လည်ခွဲဝေရမည်ဟု သတ်မှတ်ထားသည် ဆိုကြပါစို့။ ပြည်နယ်တစ်ခုတွင် ကျပ်သိန်း ၁၀၀ ကောက်ခံရရှိခဲ့သော် ပြည်ထောင်စုက ကျပ်သိန်း ၆၀ ရရှိပြီး ၎င်းပြည်နယ်က ကျပ်သိန်း ၄၀ ရရှိမည် ဖြစ်သည်။

## (ခ) တစ်ဦးချင်းမျှတမှုကို အခြေခံသည့် ပုံစံ (equal per capitra basis)

ဤပုံစံတွင် ပြည်ထောင်စုနှင့် ပြည်နယ်အကြား မျှဝေမည်ဟု သတ်မှတ်ထားသော အခွန်အမျိုးအစားမှ ရရှိလာသည့် အခွန်ဘဏ္ဍာကို ပြည်နယ်၏ လူဦးရေအလိုက် ပြန်လည် ခွဲဝေပေးသည်။

အထက်ပါ ပုံစံနှစ်မျိုးကို ရောစပ်ကျင့်သုံးသည်များလည်း ရှိပါသည်။ မည်သို့သောပုံစံကို ကျင့်သုံးသည် ဖြစ်စေ၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား ပွတ်တိုက်မှုများ မရှိစေရန်၊ ပြည်ထောင်စုတစ်ခုလုံး၏ အကျိုးစီးပွား၊ ပြည်နယ်၏ အကျိုးစီးပွား၊ ဒေသ၏အကျိုးစီးပွားကို ဟန်ချက်ညီညီ ဖော်ဆောင်နိုင်ရန် ရေးရှု၍ အစိုးရများ ညှိနှိုင်းတိုင်ပင်ကာ ဆောင်ရွက်အကောင်အထည်ဖော်ကြရပါသည်။

## မျှတရေးကိုအခြေခံသည့် ဘဏ္ဍာငွေလွှဲပြောင်းခြင်း (Equalization Transfer)

### ရည်ရွယ်ချက်

ဖက်ဒရယ်နိုင်ငံများတွင် ပြည်နယ်တစ်ခုနှင့်တစ်ခု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အနေအထား၊ လူဦးရေ စသည့် ကွာခြားချက်များ ရှိကြသည်သာ။ ထိုအခါ အချို့သော ပြည်နယ်များ၏ ဘဏ္ဍာရေး စွမ်းဆောင်ရည်မှာ အားနည်းနေတတ်ပါသည်။ အကျိုးဆက်အားဖြင့် ၎င်းပြည်နယ်အစိုးရများက ပေးအပ်နေသော ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ၏ အရည်အသွေးမှာလည်း လျော့နည်းနေတတ်ပြန်ပါသည်။ ပြည်နယ်များအကြား ပေါ်ပေါက်လာသော အဆိုပါ မမျှတမှုပြဿနာကို ဖြေရှင်းရန်အတွက် ဖက်ဒရယ်နိုင်ငံအချို့တွင် မျှတရေးကို အခြေခံသည့် ဘဏ္ဍာငွေလွှဲပြောင်းခြင်း စနစ်ကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ကျင့်သုံးကြပါသည်။

(က) ပြည်နယ်များအကြား ဘဏ္ဍာရေးစွမ်းဆောင်ရည် ကွာဟမှု လျော့နည်းစေရန်

(ခ) ပြည်နယ်များ၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးများ တတ်နိုင်သမျှ တပြေးညီ ဖြစ်စေရန်

(ဂ) ပြည်နယ်များအကြား စီးပွားရေးလုပ်ငန်းစုများ ထိထိရောက်ရောက် လည်ပတ်နေစေရန်။

ဘဏ္ဍာရေးစွမ်းဆောင်ရည် အားနည်းသည့် ပြည်နယ်များကို ပြည်ထောင်စုအစိုးရက မျှတရေးဘဏ္ဍာငွေ လွှဲပြောင်းပေးခြင်းများ ရှိသကဲ့သို့ တစ်ခါ

တစ်ရံတွင် ပိုမိုချမ်းသာကြွယ်ဝသော ပြည်နယ်များမှ ဘဏ္ဍာငွေလွှဲပြောင်းပေးခြင်းများလည်း ရှိတတ်သည်။ ထိုသို့ မျှတရေး အစီအမံကို ဖော်ဆောင်ရာတွင် ပြည်နယ်အသီးအသီး၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထိပါးခြင်းမရှိစေရန်လည်း သတိပြုဆောင်ရွက်ရပါသည်။

## ဖွဲ့စည်းပုံပါ ပြဋ္ဌာန်းချက်

ကနေဒါ၊ ဂျာမနီ၊ တောင်အာဖရိကတို့တွင် မျှတရေးကို ဖော်ဆောင်ရမည့် ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းရေးသား ထားကြသည်ကို တွေ့ရသည်။ သို့သော် များသောအားဖြင့် အစိုးရများအကြား ညှိနှိုင်းမှုများမှတစ်ဆင့် ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ် ပြောင်းလဲလာကြသည်သာ ဖြစ်သည်။

## ထည့်သွင်းစဉ်းစားရမည့် အကြောင်းခြင်းရာများ

မျှတရေးကို ဖော်ဆောင်ရာတွင် မည်သည်ကို မျှတစေမည်လဲဆိုသည့် မေးခွန်း ပေါ်လာပါသည်။ ယေဘုယျအားဖြင့်တော့ အောက်ဖော်ပြပါ အရင်းခံ အကြောင်းများတွင် မျှတစေရန် ရည်ရွယ်လေ့ ရှိကြပါသည်။

(က) ပြည်နယ်များ၏ ဘဏ္ဍာရေးစွမ်းဆောင်ရည် (Fiscal capacity) (ဥပမာ – အခွန်ဘဏ္ဍာငွေကောက်ခံ ရရှိနိုင်မှု ပမာဏ)

(ခ) အသုံးစရိတ် လိုအပ်ချက် (Expenditure needs) (ဥပမာ – လူဦးရေညွှန်းကိန်းများ၊ ဆင်းရဲမှုရာခိုင်နှုန်း၊ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များ)

(ဂ) ကုန်ကျစရိတ် (costs) (ဥပမာ – မြို့ပြ/ကျေးရွာနေ လူဦးရေအချိုး၊ ပြည်သူ့ဝန်ထမ်းများ၏ လစာဝင်ငွေ)

(ဃ) တစ်ဦးကျ ဝင်ငွေ (GDP per capita)

ဖော်ပြပါ အရင်းခံအကြောင်းများကို ထည့်သွင်းတွက်ချက်ရာတွင် နိုင်ငံအလိုက် ကွာခြားမှု ရှိပါသည်။ စာတမ်းအဆုံးပိုင်းတွင် ဖော်ပြထားသည့် နိုင်ငံအလိုက်

ဥပမာများတွင် အသေးစိတ် လေ့လာနိုင်ပါသည်။

နောက်ထပ် ထည့်သွင်းစဉ်းစားရသည်များအနက် အောက်ပါတို့မှာ အရေးပါသော နည်းစနစ်ဆိုင်ရာ မေးခွန်းများ ဖြစ်ကြသလို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား နိုင်ငံရေးဆိုင်ရာ မေးခွန်းများလည်း ဖြစ်ကြပြန်ပါသည်။

ပြည်နယ်အားလုံးကို တပြေးညီဖြစ်အောင် ညှိမည်လား (gross equalization) သို့မဟုတ် ဘဏ္ဍာရေး အားနည်း သည့် ပြည်နယ်များကိုသာ အဆင့်တစ်ခုသို့ ရောက်အောင် ညှိမည်လား (net equalization)။

ဘဏ္ဍာငွေ ကောက်ခံရရှိနိုင်စွမ်းကိုသာ ထည့်သွင်း တွက်ချက်မည်လား (fiscal capacity) သို့မဟုတ် အမှန်တကယ် ကောက်ခံရရှိသော ဘဏ္ဍာငွေပမာဏကို ထည့်သွင်း တွက်ချက်မည်လား (actual revenues) ။

သယံဇာတကဏ္ဍမှ ရရှိသော အခွန်ဘဏ္ဍာကို ထည့်သွင်း တွက်ချက်မည်လား။ (ဤအချက်မှာ သယံဇာတ ပေါကြွယ်ဝသော ပြည်နယ်များအတွက် အရေးပါသော မေးခွန်း ဖြစ်ပါသည်။)

# အခွန်ဘဏ္ဍာငွေများလွှဲပြောင်းရာတွင် ဆုံးဖြတ်ချက်ချမှတ်သည့် ပုံစံများ

ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား အခွန်ဘဏ္ဍာများ လွှဲပြောင်းခြင်း၊ မျှဝေ ခြင်းနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များကို မည်သည့် အင်စတီကျူးရှင်းများက ချမှတ်လေ့ ရှိကြသနည်း။ ဆုံးဖြတ်ချက်ချမှတ်သည့် ပုံစံ ၃ မျိုး ရှိသည်။

## (၁) ပြည်ထောင်စုအစိုးရမှ ဆုံးဖြတ်ခြင်း

ဆွစ်ဇာလန်၊ စပိန်၊ ရုရှား စသည့် နိုင်ငံများတွင် ဘဏ္ဍာငွေလွှဲပြောင်းခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရက ဆုံးဖြတ်ဆောင်ရွက်သည်။ ပြည်ထောင်စုအစိုးရက ဆုံးဖြတ်ချက် ချမှတ်ပိုင်ခွင့်ရှိခြင်း၏ အားသာချက်တစ်ခုမှာ ဘဏ္ဍာငွေလွှဲပြောင်းခြင်းကို အခြေအနေ အလိုက် ပြုလွယ်ပြင်လွယ် ဆောင်ရွက်နိုင်၏။ အခြေအနေ အချိန်အခါ ပြောင်းလဲမှုများကို အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်၏။ သို့သော်လည်း ပြည်ထောင်စုအစိုးရအနေဖြင့် ဘဏ္ဍာငွေလွှဲပြောင်း ပိုင်ခွင့်ကို အသုံးချပြီး ပြည်နယ်များ၏ စီမံကိန်းများ၊ လုပ်ငန်းများ၊ လုပ်ပိုင်ခွင့်များကို လွှမ်းမိုးနိုင်ချေရှိ၏။ ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံရေးအားဖြင့် ၎င်းနှင့် သဘောမတိုက်ဆိုင်သော ပြည်နယ်များ၏ စီမံကိန်းများကို ကန့်သတ်ခြင်း၊ ပြောင်းလဲစေခြင်းတို့ကို ပြုလုပ်တတ်ကြကြောင်း လေ့လာတွေ့ရှိရသည်။

## (၂) ဆွေးနွေးညှိနှိုင်း၍ ဆုံးဖြတ်ခြင်း

အချို့နိုင်ငံများတွင်တော့ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ ဆွေးနွေးညှိနှိုင်းပြီး ဆုံးဖြတ်ချက် ချမှတ်ကြသည်။ ဤပုံစံကို ကနေဒါ၊ ဂျာမနီနှင့်အီသီယိုးပီးယားတို့တွင်တွေ့နိုင်သည်။ကနေဒါတွင်ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ တွေ့ဆုံမှုများမှ တစ်ဆင့် ဘဏ္ဍာငွေလွှဲပြောင်းခြင်းစနစ်ကို အပြောင်းအလဲလုပ်ကြသည်ကို တွေ့ရသည်။ ဂျာမနီနှင့် အီသီယိုးပီးယား တို့တွင်တော့ ပြည်နယ်များကို ကိုယ်စားပြုသော အထက်လွှတ်တော်မှတစ်ဆင့် ဆောင်ရွက်သည်ကို တွေ့ရသည်။

## (၃) လွတ်လပ်သော ကော်မတီ/ကော်မရှင်များ ဖွဲ့စည်းခြင်း

အိန္ဒိယ၊ ဩစတေးလျ၊ တောင်အာဖရိက စသည့်တို့တွင် သီးခြား လွတ်လပ်သော ကော်မတီ/ကော်မရှင်များ ဖွဲ့စည်းကာ အခွန်ဘဏ္ဍာ လွှဲပြောင်းခြင်း ဆိုင်ရာများကို ဆောင်ရွက်ကြသည်။ ထိုကော်မတီ/ကော်မရှင်များတွင် ပြည်နယ်နှင့် ပြည်ထောင်စုမှ ကိုယ်စားလှယ်များအပြင် တတ်ကျွမ်းသည့် ပညာရှင်များဖြင့် ဖွဲ့စည်းကြသည်။ အိန္ဒိယနိုင်ငံတွင် ထိုကော်မတီ/ကော်မရှင်သည် စုဖွဲ့မှုအရ သြဇာကြီးမားသော်လည်း ပြည်ထောင်စုအစိုးရကသာ အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်သည်ကို လေ့လာတွေ့ရှိရသည်။ တောင်အာဖရိကတွင် ဖွဲ့စည်းထားသည့် ကော်မရှင်သည် သြဇာမကြီးသော်လည်း ထို ကော်မရှင်၏ အကြံပြုချက်များအတိုင်း အစိုးရမှ အကောင်အထည် ဖော်ကြသည်ကို လေ့လာတွေ့ရှိရသည်။ ပေါ်ထွန်းကာစ ဖက်ဒရယ်နိုင်ငံများ အတွက် ဤပုံစံမှာ အလွန် အသုံးဝင်နိုင်ပါသည်။

# ဖက်ဒရယ်နိုင်ငံများ၏ ဘဏ္ဍာငွေလွှဲပြောင်းမှု ပုံစံများ

## အိန္ဒိယ

အိန္ဒိယနိုင်ငံတွင် ဘဏ္ဍာငွေလွှဲပြောင်းမှု ပုံစံ အကြမ်းအားဖြင့် နှစ်မျိုးတွေ့ရသည်။

၁) ကန့်သတ်ချက်မဲ့ လွှဲပြောင်းငွေ
၂) ကန့်သတ်ချက်နှင့် လွှဲပြောင်းငွေ တို့ ဖြစ်သည်။

ကန့်သတ်ချက်မဲ့ လွှဲပြောင်းငွေကို အစိုးရများအကြား အခွန်ဘဏ္ဍာပြန်လည်မျှဝေသည့် ပုံစံဖြင့် (revenue-sharing) ကျင့်သုံးသည်။ အခွန်ဘဏ္ဍာ ပြန်လည်မျှဝေရမည်ဟူသော ပြဋ္ဌာန်းချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထည့်သွင်းရေးဆွဲထားသည်။ လက်ရှိတွင် ဗဟိုအစိုးရ ကောက်ခံရရှိသော အခွန်ဘဏ္ဍာများထဲမှ ၄၂ ရာခိုင်နှုန်းကို ပြည်နယ်များအား ပြန်လည် မျှဝေရသည်။ ထိုသို့ ပြန်လည်မျှဝေရာတွင် ပြည်နယ်များ၏ လူဦးရေ၊ ဝင်ငွေအကောင်းဆုံး ပြည်နယ်များနှင့် တစ်ဦးဝင်ငွေ ကွာခြားချက်၊ ဧရိယာအရွယ်အစား စသည့် အညွှန်းကိန်းများဖြင့် တွက်ချက်ရပါသည်။

ကန့်သတ်ချက်နှင့် လွှဲပြောင်းငွေများကို သက်ဆိုင်ရာ ဗဟိုအဆင့်ဝန်ကြီး ဌာနများကတဆင့် လွှဲပြောင်းပေးအပ်ခြင်း ဖြစ်သည်။ ရည်ရွယ်ချက်မှာ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဖွံ့ဖြိုးရေး၊ လမ်းတံတား စသည့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍများ၏ အရည်အသွေးကို မြှင့်တင်ရန် ဖြစ်သည်။ လက်ရှိတွင် ဗဟိုအစိုးရမှ ပြည်နယ်များသို့ ပေးအပ်သော လွှဲပြောင်းငွေများ၏ ၃၀ ရာခိုင်နှုန်းခန့်မှာ ဤပုံစံဖြင့် လွှဲပြောင်းပေးခြင်း ဖြစ်သည်။

အထက်ပါ လွှဲပြောင်းငွေများနှင့် ပတ်သက်၍ အကြံပြုတင်ပြနိုင်ရန် ဘဏ္ဍာရေးကော်မရှင်ကို ဖွဲ့စည်းကာ တာဝန်အပ်နှင်းထားပါသည်။ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များမှာ ဖက်ဒရယ်ဘဏ္ဍာရေး ကျွမ်းကျင်ပညာရှင်များဖြစ်ကြပြီး သမ္မတက ရွေးချယ်ခန့်အပ်ပါသည်။ ကော်မရှင်တစ်ခု၏ သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး ထိုငါးနှစ်တာအတွင်း အစိုးရများအကြား ဘဏ္ဍာငွေဆိုင်ရာ ကိစ္စရပ်များကို ဗဟိုအစိုးရအား အကြံပြုတင်ပြရသည်။ ဗဟိုအစိုးရကလည်း ဘဏ္ဍာရေးကော်မရှင်၏ အကြံပြုချက်များအတိုင်း ဆုံးဖြတ်ဆောင်ရွက်လေ့ရှိသည်ကို တွေ့ရှိရသည်။

## ဂျာမနီ

ဂျာမနီနိုင်ငံတွင် အစိုးရများအကြား အခွန်ဘဏ္ဍာပြန်လည်မျှဝေသည့် ပုံစံဖြင့် ကျင့်သုံးသည်။ သတ်မှတ်ထားသည့် အခွန်ဘဏ္ဍာများကို မည်သို့ ခွဲဝေရမည် ကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထည့်သွင်း ရေးဆွဲထားသည်။ အဆိုပါ ပြန်လည်ခွဲဝေရမည်ဟု သတ်မှတ်ထားသော အခွန်များမှာ တစ်ဦးချင်း ဝင်ငွေခွန် (personal income tax)၊ ကော်ပိုရိတ် ဝင်ငွေခွန် (corporate income tax) နှင့် ထပ်တိုးတန်ဖိုးခွန် (Value-added Tax) တို့ ဖြစ်ကြသည်။ တစ်ဦးချင်းဝင်ငွေခွန်ကို ၄၂.၅%၊ ၄၂.၅%၊ ၁၅% အချိုးအတိုင်း ဖက်ဒရယ်အစိုးရ၊ အခွန်ကောက်ခံရရှိသော ပြည်နယ်အစိုးရနှင့် မြူနီစီပယ်တို့ ခွဲဝေကြရသည်။ ကော်ပိုရိတ်ဝင်ငွေခွန်ကို ၅၀% ၊ ၅၀% အချိုးအတိုင်း ဖက်ဒရယ်အစိုးရ နှင့် အခွန်ကောက်ခံရရှိသော ပြည်နယ် အစိုးရ တို့ အညီအမျှ ခွဲဝေကြရသည်။ (ဇယား ၁) ထပ်တိုးတန်ဖိုးခွန်ကို ပြည်နယ်များအကြား မျှတရေးအတွက် အသုံးပြုကြသည်။

| | ခွဲဝေရမည့် အချိုးအစား | | |
|---|---|---|---|
| | ဖက်ဒရယ်အစိုးရ | ပြည်နယ်အစိုးရ | မြူနီစီပယ် |
| တစ်ဦးချင်းဝင်ငွေခွန် | ၄၂.၅% | ၄၂.၅% | ၁၅% |
| ကော်ပိုရိတ်ဝင်ငွေခွန် | ၅၀% | ၅၀% | - |

အထက်ဖော်ပြပါ အခွန်အမျိုးအစား ၃ မျိုးနှင့် ပတ်သက်၍ ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများ ညှိနှိုင်းကာ မူဝါဒရေးဆွဲပြဋ္ဌာန်းကြရသည်။ ယင်းကဲ့သို့ ဆောင်ရွက်ရာ၌ အားသာချက်များ ရှိသကဲ့သို့ အားနည်းချက်များလည်း တွေ့ရသည်။ အားသာချက်တစ်ခုမှာ ပြည်နယ်များ၏ အခွန်မူဝါဒများ တစ်ခုနှင့်တစ်ခု သဟဇာတ ဖြစ်စေသည်။ သို့သော် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အများသဘော တူညီဖို့ လိုအပ်သည်ဖြစ်သောကြောင့် ဆုံးဖြတ်ချက်ချရန် နှောင့်နှေးခြင်းမျိုး၊ ညှိနှိုင်းရ ခက်ခဲခြင်းမျိုး ကြုံတွေ့ကြရသည်။

## ဘရာဇီး

ဘရာဇီးနိုင်ငံတွင်လည်း အစိုးရများအကြား အခွန်ဘဏ္ဍာပြန်လည်မျှဝေသည့် ပုံစံဖြင့် ကျင့်သုံးသည်။ မည်သည့်အခွန်အမျိုးအစားများကို မည်သည့် အချိုးအစားအတိုင်း ခွဲဝေရမည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားသည်။ အောက်ပါဇယားတွင် အသေးစိတ် လေ့လာနိုင်ပါသည်။

| | ခွဲဝေရမည့် အချိုးအစား | | | မှတ်ချက် |
|---|---|---|---|---|
| | ဖက်ဒရယ် အစိုးရ | ပြည်နယ် အစိုးရ | ဒေသန္တရ အစိုးရ | |
| ဖက်ဒရယ် ဝင်ငွေခွန် | ၅၄% | ၂၁.၅% | ၂၄.၅% | |
| စက်မှုလက်မှု အခွန် (manu-facturing tax) | ၄၆% | ၂၉% | ၂၅% | |
| ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အခွန်များ | | ၇၅% | ၂၅% | ဖက်ဒရယ် အစိုးရက အခွန် အရင်းမြစ်နှင့် နှုန်းထားကို သတ်မှတ်သည်။ |
| ကျေးလက် ပစ္စည်းခွန် | ၅၀% | | ၅၀% | ဖက်ဒရယ် အစိုးရက ကောက်ခံသည်။ |
| ယာဉ်ခွန် | | ၅၀% | ၅၀% | ပြည်နယ် အစိုးရက ကောက်ခံသည်။ |

ဖော်ပြပါ မျှဝေရသည့်အခွန်များမှာ ကန့်သတ်ချက်မဲ့ လွှဲပြောင်းငွေ သဘော ဆောင်သည့်အတွက် ပြည်နယ်နှင့် ဒေသန္တရအစိုးရများ အနေဖြင့် လိုအပ်ရာ ကဏ္ဍတွင် လွတ်လပ်စွာ သုံးစွဲပိုင်ခွင့် ရှိပါသည်။ လုပ်ခလစာမှ ရရှိသော အခွန် ဘဏ္ဍာက အခြေခံပညာရေးအတွက်သာ သုံးစွဲရမည်ဆိုသည့် ကန့်သတ်ချက် ပါ တစ်ခုတည်း လွှဲပြောင်းငွေဖြစ်ပါသည်။ ဖက်ဒရယ်အစိုးရအနေဖြင့် မျှဝေ ရမည့် အခွန်အမျိုးအစား၊ မျှဝေရမည့် အချိုးအစားတို့နှင့် ပတ်သက်၍ ပြင်ဆင်သတ်မှတ်ခွင့် မရှိပေ။ ဘရာဇီးနိုင်ငံတွင် အခွန်ကောက်ခံမှုစနစ် အားဖြင့် ဗဟိုချုပ်ကိုင်မှု ရှိပြားသော်လည်း ပြည်နယ်များအကြား အခွန်

မူဝါဒများ သဟဇာတရှိသည့်အပြင် ပြည်နယ်များ၏ အခွန်ဘဏ္ဍာ လွတ်လပ်စွာ သုံးစွဲပိုင်ခွင့်လည်း မြင့်မားသည်ကို တွေ့ရသည်။

## ကနေဒါ

ကနေဒါနိုင်ငံတွင်လည်း ကန့်သတ်ချက်မဲ့ လွှဲပြောင်းငွေနှင့် ကန့်သတ်ချက်နှင့် လွှဲပြောင်းငွေ ပုံစံနှစ်မျိုးလုံး တွေ့ရသည်။

ကန့်သတ်ချက်မဲ့ လွှဲပြောင်းငွေကို မျှတမှုကို အခြေခံသည့် လွှဲပြောင်းငွေပုံစံ (equalization transfer) အနေဖြင့် တွေ့ရသည်။ ပြည်နယ်များအကြား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးအားဖြင့် မျှတမှု ရှိစေရန် ဖက်ဒရယ်အစိုးရက လွှဲပြောင်းငွေများ ပေးအပ်၍ ဆောင်ရွက်ရမည်ဟု ကနေဒါ နိုင်ငံ၏ ဖွဲ့စည်းပုံ၌ပင် ထည့်သွင်းရေးဆွဲထားသည်။ ဘဏ္ဍာရေးစွမ်းဆောင်ရည် အောက်ရှိနေသော ပြည်နယ်များကိုသာ လွှဲပြောင်းပေးခြင်း ဖြစ်သည်။ ဘဏ္ဍာရေးစွမ်းဆောင်ရည်ကို အောက်ပါ အခွန်ကြီး ၅ မျိုးအပေါ် အခြေခံ၍ တွက်ချက်ပါသည်။

- တစ်ဦးချင်းဝင်ငွေခွန်၊
- ကုန်သွယ်ခွန်၊
- စားသုံးခွန် (Consumption Tax)၊
- ပစ္စည်းခွန် (Property Tax) နှင့်
- သယံဇာတမှရရှိသည့် အခွန်ဘဏ္ဍာငွေ (Natural Re-source Revenue)

အဆိုပါ မျှတမှုကို အခြေခံသည့် လွှဲပြောင်းငွေစနစ်ကို ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများ တွေ့ဆုံ ညှိနှိုင်းဆွေးနွေးကြပြီး ၅ နှစ်တစ်ကြိမ် ပြန်လည် သုံးသပ်လေ့ရှိသည်။ အဆုံးသတ် ဆုံးဖြတ်ချက် ချပိုင်ခွင့်မှာမူ ဖက်ဒရယ် အစိုးရလက်ထဲတွင်သာ ရှိပါသည်။

ကန့်သတ်ချက်နှင့် လွှဲပြောင်းငွေများမှာ ကျန်းမာရေးကဏ္ဍအတွက် လွှဲပြောင်း ငွေ (Canada Health Transfer) နှင့် လူမှုဝန်ဆောင်မှု လုပ်ငန်းများ အတွက်

လွှဲပြောင်းငွေ Canada Social Transfer တို့ ဖြစ်ကြသည်။ ပြည်နယ်များအနေဖြင့် အဆိုပါ လွှဲပြောင်းငွေများကို သတ်မှတ်ထားသည့် ကျန်းမာရေးကဏ္ဍ၊ လူမှုဖူလုံရေးကဏ္ဍများတွင်သာ သုံးစွဲပိုင်ခွင့် ရှိပါသည်။

# ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင် အခွန်ဘဏ္ဍာငွေ မျှဝေခြင်း၊ လွှဲပြောင်းခြင်းဆိုင်ရာ ရည်ညွှန်းချက်များ

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အပိုင်း ၁ တွင် အောက်ပါအတိုင်း ဖော်ပြထား သည်။

> ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်တို့အကြား ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်း (Fiscal Management and Sharing) ဆိုင်ရာဥပဒေများကို ရေးဆွဲ ပြဋ္ဌာန်းရမည်။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ ဘက်စုံ ညီမျှဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ သာတူညီမျှရေး အစီအစဉ်ကိုရေးဆွဲ ပြဋ္ဌာန်းထားရမည်။
>
> ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်အကြားတွင် သော်လည်းကောင်း၊ ပြည်နယ် အချင်းချင်းကြားတွင်သော် လည်းကောင်း အငြင်းပွားစရာများ၊ ပြဿနာများ ပေါ်ပေါက်ပါက ပူးပေါင်းကိုင်တွယ်ဖြေရှင်းရန်နှင့် လုပ်ငန်းဆောင်တာများကို အတူအကွ ပူးပေါင်း လုပ်ကိုင်နိုင်ရန်အတွက် အကြီးအကဲများ ပူးတွဲကော်မတီကို လည်းကောင်း၊ လုပ်ငန်းကဏ္ဍ အသီးသီးတို့တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် ကဏ္ဍအလိုက်ဝန်ကြီးများ ပူးတွဲကော်မတီ

ကိုလည်းကောင်း၊ မျှဝေသုံးစွဲရန် သတ်မှတ်ထားသော ဝင်ငွေများကို စီမံခန့်ခွဲရန်အတွက် ဘဏ္ဍာရေးပူးတွဲကော်မတီကိုလည်းကောင်း စသည့် ပူးတွဲကော်မတီ တို့ကို ဖွဲ့စည်းနိုင်သည်။ ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်၏ လိုအပ်ချက်အရ ကော်မတီသက်တမ်းကို သတ်မှတ်ထားရှိရမည်။